ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၈/၂၀၂၁)

၂၀၂၁ ခုနှစ်၊ မေလ (၁၄) ရက်

**ဆရာ၊ဆရာမများ ရုံးဝန်ထမ်းများ၏လုံခြုံရေး စားဝတ်နေရေးနှင့် အလုပ်အကိုင်တည်မြဲရေးဆိုင်ရာ ထုတ်ပြန်ကြေညာချက်**

၁။ အကြမ်းဖက်စစ်ကောင်စီသည် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM) ပြုလုပ်နေကြသော ဆရာ၊ ဆရာမများ၊ ရုံးဝန်ထမ်းများကို အမျိုးမျိုးဖိနှိပ်အကြပ်ကိုင်ကာ အကြမ်းဖက် စစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တယားလည်ပတ် နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ယခုအခါ အလုပ်မှ ထုတ်ပယ်ခံရခြင်း ရပ်ဆိုင်းခံရခြင်းများရှိနေသည့်အပြင် မတရားပုဒ်မများထုတ်ကာ ဖမ်းဆီးရန်အထိ ခြိမ်းခြောက် အကြပ်ကိုင်နေသောကြောင့် ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ၏ လုံခြုံရေးအတွက်လည်း စိုးရိမ်ပူပန်နေကြရကြောင်း တွေ့ရှိရပါသည်။ ထိုကဲ့သို့ အကြမ်းဖက် စစ်ကောင်စီ၏ တာဝန်မှရပ်ဆဲခြင်းနှင့် မတရားပုဒ်မထုတ်ခြင်း ခံရသော ဆရာ၊ ဆရာမဝန်ထမ်းများသည် နိုင်ငံတော်နှင့်ပြည်သူကို သစ္စာစောင့်သိကျသော သူရဲကောင်းများဖြစ်ကြောင်း အမျိုးသားညီညွတ်ရေး အစိုးရအနေဖြင့် အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆရာ၊ဆရာမများ၏ စကားသံများ၊ တောင်းဆိုချက်များကို အစဉ်အလေးဂရုပြုဆောင်ရွက်လျက်ရှိရာ ဆရာ၊ဆရာမများ ရုံးဝန်ထမ်းများ၏ လုံခြုံရေး၊ ထောက်ပံ့ရေးနှင့် အလုပ်အကိုင်အာမခံအတွက် အောက်ပါအစီအစဉ်များ ဆောင်ရွက်ထားရှိကြောင်းအသိပေးအပ်ပါသည်။

၃။ ဆရာဆရာမဝန်ထမ်းများ၏ လုံခြုံမှုနှင့် အထောက်အပံ့များအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဆရာဆရာမများနှင့် ပညာရေးဝန်ထမ်းများ အနေဖြင့်လိုအပ်ပါက အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသို့ ဆက်သွယ်ရန် ဖြစ်ပါသည်။

၄။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အကြမ်းဖက်စစ်ကောင်စီကို ဆန့်ကျင်ဖီဆန်နေကြသော ဆရာ၊ဆရာမ ဝန်ထမ်းများ၏ အလုပ်အကိုင်တည်မြဲရေးကို အပြည့်အဝ အာမခံသွားမည်ဖြစ်ပြီး အလုပ်မှရပ်ဆိုင်း/ထုတ်ပယ်ခံရသည်ဖြစ်စေ ဖိအားကြောင့် ကိုယ်တိုင် နုတ်ထွက်သည်ဖြစ်စေ ပြည်သူ့အစိုးရပေါ်ပေါက်လာချိန်တွင် ပြန်လည်ခန့်အပ်ပြီး ဂုဏ်ပြုခြင်းများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

**အမျိုးသားညီညွတ်ရေးအစိုးရ**